International Labour Organization

DIILM Update #3 ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှု၊ နိုဝင်ဘာလ ၂၀၂၀

# ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း

## ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်မှ ဇွန်လ ၂၀၂၁ ခုနှစ်အထိ

**DILLM စီမံကိန်း အကျိုးရလဒ် (၁)**

အဓိကကျသည့် ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဥပဒေနှင့် မူဝါဒများကို အိုင်အယ်လ်အို စံချိန်စံညွှန်းများ၊ အထူးသဖြင့် ပုဂ္ဂလိကအလုပ်အကိုင်အေဂျင်စီများဆိုင်ရာပြဋ္ဌာန်းချက် အမှတ် (၁၈၁)၊ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အိုင်အယ်လ်အို၏ နိုင်ငံစုံသဘောတူမူဘောင်၊ သင့်တင့်မျှတသည့် လုပ်သားစုဆောင်းခြင်းအတွက် အထွေထွေအခြေခံမူများအပါအဝင် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ချမှတ်ကျင့်သုံးခြင်း။

## နောက်ခံအခြေအနေ

ပြည်ပရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ပြီး၊ ငယ်ရွယ်သူ သန်းပေါင်းများစွာအတွက် အလုပ်အကိုင်ရရှိစေခြင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းအပြင်၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာအသိုက်အဝန်းအတွက်လည်း ငွေကြေးအရင်းအမြစ်များ ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့သော်လည်း ရွှေ့ပြောင်းသွားလာခြင်း အတွေ့အကြုံများအားလုံးသည် အပြုသဘောဆောင်သည့် ရလဒ်များမရှိဘဲ၊ ရွှေ့ပြောင်းသွားလာသူ အများစုသည် ခေါင်းပုံဖြတ်ခံရခြင်း၊ အန္တရာယ်ရှိသည့် နေထိုင်မှုအခြေအနေ၊ အလုပ်အကိုင်အခြေအနေများတွင်ရှိနေကာ ခွဲခြားဆက်ဆံမှုကိုလည်း ခံကြရသည်။ အားလုံးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကျိုးကျေးဇူးများ ပိုမိုရရှိစေရန်အတွက် ပံ့ပိုးဆောင်ရွက်မှုများ လိုအပ်ပါသည်။ ဤဆောင်ရွက်ချက်များတွင် – နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် ကမ္ဘာ့အဆင့်တွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပိုမိုထိရောက်စွာဆောင်ရွက်ခြင်း၊ မူဝါဒ ပိုမိုဆက်စပ်ကိုက်ညီမှုရှိစေခြင်း၊ ပါဝင်သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ ဝန်ဆောင်မှု တိုးမြှင့်ဖြည့်ဆည်းပေးခြင်းနှင့်အတူ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုသည် အထူးသဖြင့် ရှုပ်ထွေးပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိ ရွှေ့ပြောင်းသွားလာမှုကိစ္စရပ်များကို ဖြေရှင်းနေရသည်သာမက၊ ပုံမှန်ရွှေ့ပြောင်းသွားလာရေးစနစ်များ နေသားတကျမဖြစ်ခင် ဆယ်စုနှစ်များစွာကတည်းက ဖြစ်ပေါ်နေသော ရွှေ့ပြောင်းသွားလာမှုကိစ္စရပ်များကိုပါ ဖြေရှင်းနေရ၍ဖြစ်သည်။ ထိုင်းနိုင်ငံရှိ အလုပ်အကိုင်နှင့်အလုပ်သမားရေးရာဌာနက ထုတ်ပြန်သော ထိုင်းနိုင်ငံအတွင်း မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကိန်းဂဏန်း အချက်အလက်များက ဤအခြေအနေကို ကောင်းစွာညွှန်ပြနေသည်။ ၂၀၁၉ စက်တင်ဘာလအရောက်တွင် ထိုင်းနိုင်ငံ၌ အလုပ် လုပ်ကိုင်ရန် မှတ်ပုံတင်ထားသည့် မြန်မာရွှေ့ပြောင်းသွားလာသူပေါင်း ၁,၉၀၃,၀၁၄ ဦးတွင် ၇၁.၈ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံအတွင်းသို့ ပြည့်စုံသည့်စာရွက်စာတမ်းများ မပါရှိဘဲ ဝင်ရောက်ခဲ့ကာ နောက်ပိုင်းမှသာ တရားဝင်ပုံမှန်လုပ်ငန်းစဉ် (နိုင်ငံသားစိစစ်ခြင်း လုပ်ငန်းစဉ်) အတွင်းပါဝင်လုပ်ကိုင်လာခဲ့ခြင်းဖြစ်သည်။

**ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ**

| **အခြေအနေ** | **အမျိုးသား** | **အမျိုးသမီး** | **စုစုပေါင်း** |
|---|---|---|---|
| နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် | ၇၆၉,၄၁၄ | ၅၉၆,၇၉၈ | ၁,၃၆၆,၂၁၂ |
| ပုံမှန် ရွှေ့ပြောင်းသွားလာသူ(MOU) | ၃၀၃,၀၂၄ | ၂၀၁,၉၇၂ | ၅၀၄,၉၉၆ |
| နယ်စပ်/ရာသီအလိုက် | ၁၀,၉၃၉ | ၁၅,၈၇၄ | ၂၆,၈၁၃ |
| ငါးဖမ်း/ရေလုပ်သား | ၄,၉၉၃ | | ၄,၉၉၃ |
| **စုစုပေါင်း** | **၁,၀၈၈,၃၇၀** | **၈၁၄,၆၄၄** | **၁,၉၀၃,၀၁၄** |

ရင်းမြစ် – https://www.doe.go.th/prd/assets/upload/files/alien_th/0f97b190eca800b5bea79107adff6897.pdf

ယခုအခါ မြန်မာအစိုးရသည် နိုင်ငံ ၁၈ နိုင်ငံသို့ ရွှေ့ပြောင်းသွားလာရန် တရားဝင်လမ်းကြောင်းများကို ဖွင့်ပေးခဲ့ပြီး၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် တစ်စိတ်တစ်ပိုင်းအထောက်အထားရှိသည့် အလုပ်သမား[1] များစွာကို စာရွက်စာတမ်းများပြုလုပ်ပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ပုံမှန်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လက်ရှိစီမံအုပ်ချုပ်မှုအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်းလိုက်နာသည့် ရွှေ့ပြောင်းသွားလာသူများကို အပြည့်အဝကာကွယ်ပေးခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းက အပြည့်အဝ အထောက်အကူပြုခြင်း စသည်ကို ဘက်စုံထောင့်စုံ ပြည့်စုံကောင်းမွန်အောင် အာမခံ ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးပါ။

[1] တစ်စိတ်တစ်ပိုင်းအထောက်အထားရှိသည့်အလုပ်သမား ဟူသည့်စကားရပ်သည် ဆိုက်ရောက်နိုင်ငံများတွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် မှတ်ပုံတင်လုပ်ငန်းစဉ်များအတိုင်း မှတ်ပုံတင်ပြီးသည့် ရွှေ့ပြောင်းသွားလာသူများဖြစ်သော်လည်း မြန်မာနိုင်ငံက သတ်မှတ်ထားသည့် စာရွက်စာတမ်း/အထောက်အထားများအားလုံး အပြည့်အစုံ မရရှိသေးသောသူများဖြစ်သည်။

© International Labour Organization 2020

ရွှေ့ပြောင်းသွားလာမှု ဘေးကင်းလုံခြုံရေးနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ရေရှည်အကျိုးကျေးဇူးများ တိုးမြှင့်ရန် DIILM စီမံကိန်းအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန(MOLIP)၊ လွှတ်တော်အမတ်များ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEAF)၊ အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေများနှင့် မူဝါဒဆိုင်ရာမူဘောင် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှုတိုးတက်စေရန် DIILM စီမံကိန်း၏ မဟာဗျူဟာတွင် အောက်ပါလုပ်ငန်းများပါဝင်သည်။

၁။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဆောင်ရွက်ရေးအတွက် အသိပညာနှင့် အသိအမြင်မြှင့်တင်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့် ပါဝင်သက်ဆိုင်သူများ ညှိနှိုင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။

၂။ အမျိုးသားအဆင့် ဥပဒေများနှင့် မူဝါဒများကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။

၃။ နှစ်နိုင်ငံအဆင့် နိုင်ငံအချင်းချင်း ပူပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းပူပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။

၄။ အထောက်အထားအခြေပြု မူဝါဒဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန် မူဝါဒဆိုင်ရာ စာရွက်စာတမ်းများ ပြုစုရေးသားခြင်း။

## အသိပညာနှင့် အသိအမြင်မြှင့်တင်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်ပါဝင်သက်ဆိုင်သူများ ညှိနှိုင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။

ဘေးကင်းလုံခြုံရေး၊ စီစဉ်တကျဖြစ်ရေးနှင့် ပုံမှန်ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်တွင် အဆိုပြုဖော်ပြထားသည့်အတိုင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရတစ်ရပ်လုံးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုလိုအပ်ပါသည်။ DIILM စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းများတွင် သင်တန်းအမျိုးမျိုးပေးခြင်းဖြင့် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းအပြင်၊ အမျိုးသားအဆင့်/နိုင်ငံအဆင့်တွင်လည်း အစိုးရအရာရှိများ၊ လွှတ်တော်အမတ်များ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားအမျိုးသားအဆင့် အဖွဲ့အစည်းများ အပါအဝင် အရေးပါသည့် အဓိကကျသောပါဝင်သက်ဆိုင်သူများကိုဖိတ်ခေါ်စုစည်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာနှင့် ကတိကဝတ်များ ခိုင်မာအားကောင်းစေရန် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

DIILM စီမံကိန်းက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။



*ပုံ ၁ – လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများဆွေးနွေးညှိနှိုင်းပွဲ၊ ၂၀၂၀။*

- **လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာသင်တန်းများ** – ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အပြင် ပြည်ထောင်စုအဆင့်နေပြည်တော်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လုပ်သားစုဆောင်းသည့်အေဂျင်စီများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ဤသင်တန်းများပေးခဲ့သည်။

  ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကာကွယ်ပေးရန်အတွက် စာချုပ်စာတမ်းများ၊ နည်းလမ်း၊ ယန္တရားများနှင့် ပတ်သက်၍ သင်တန်းတက်ရောက်သူများကို ၅ ရက်တာသင်တန်းပေးခဲ့ခြင်းဖြစ်ပြီး၊ ဤသင်တန်းမှတစ်ဆင့်ပြောင်းလဲနေသည့် လူမှုဝန်းကျင်၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာအခြေအနေအတွင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ပိုမိုနားလည်သိမြင်စေပြီး၊ ပါဝင်သက်ဆိုင်သူအမျိုးမျိုး၏ အခန်းကဏ္ဍနှင့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စဉ်တစ်လျှောက် ဤပါဝင်သက်ဆိုင်သူများအကြား ဖြစ်နိုင်ချေရှိသည့် ဆက်သွယ်ဆောင်ရွက်မှုများကို စူးစမ်းရှာဖွေနိုင်ခဲ့ကြသည်။ ဤ ၅ ရက်တာသင်တန်းများပြုလုပ်ပြီးနောက်ပိုင်းတွင်လည်း၊ ရွှေ့ပြောင်းသွားလာခြင်း၊ လုပ်သားစုဆောင်းခြင်း၊ နေရပ်ပြန်လာခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ အိမ်အကူအလုပ်အကိုင်စသည့် သီးခြားကဏ္ဍများအလိုက် ရက်တိုသင်တန်းများ အစဉ်လိုက် ပြုလုပ်ခဲ့ပါသည်။

- **လွှတ်တော်အမတ်များနှင့် စကားဝိုင်းဆွေးနွေးပွဲများ အစဉ်လိုက် ပြုလုပ်ခြင်း** – လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ အမျိုးသားလွှတ်တော်ကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး၊ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများကို မိတ်ဆက်ပေးခြင်းနှင့် လက်ရှိစီမံအုပ်ချုပ်မှု မူဘောင်များကို ဆွေးနွေးသုံးသပ်ခဲ့ပါသည်။



*ပုံ ၂ – အလုပ်သမားသံအရာရှိသင်တန်း၊ ၂၀၂၀*

- **နှစ်စဉ် သင်တန်းများ** – ထိုင်းနိုင်ငံတွင် (၅ ဦး)၊ မလေးရှားနိုင်ငံတွင် (၁ ဦး)၊ ကိုရီးယားနိုင်ငံတွင် (၁) ဦး အသီးသီး ခန့်အပ်မည့် အလုပ်သမား သံအရာရှိအသစ်များနှင့် သံအရာရှိလောင်းများအတွက် သင်တန်းများပေးခဲ့ပါသည်။

© International Labour Organization 2020



*ပုံ ၃ – ဆရာဖြစ်သင်တန်း(ToT)– တိုင်ကြားမှု ယန္တရားဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှု*

- **တိုင်ကြားမှုယန္တရားဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှု ခိုင်မာအားကောင်းရေး သင်တန်းများ** – ရွှေ့ပြောင်းသွားလာမှုအစီအစဉ်ကာကွယ်စောင့်ရှောက်ရေးနှင့်၊ မူဝါဒဖော်ထုတ်ရေးဆွဲခြင်းတိုးတက်စေရန်၊ တိုင်ကြားမှုယန္တရားဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှု ခိုင်မာအားကောင်းရေး၊ အထူးသဖြင့် DOL တိုင်ကြားမှု ယန္တရားမှရရှိလာသည့်အချက်အလက်များကို ဖြည့်သွင်းခြင်း၊ စာရင်းရှင်းလင်းစွာပြုလုပ်ခြင်း၊ ပိုင်းခြားစိတ်ဖြာခြင်းများနှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်ရှိ ဌာနခွဲ (၇) ခုမှ သက်ဆိုင်ရာဝန်ထမ်းများကို သင်တန်းပေးခဲ့ပါသည်။

- **ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် ပုံမှန်အစည်းအဝေးများနှင့် သင်တန်းများပြုလုပ်ခြင်း** – ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းရန်၊ ဤအဖွဲ့အစည်းများသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက်အဖြစ် ကိုယ်တိုင်ဖွဲ့စည်းခဲ့ကြသည်။ ဤကွန်ရက်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့တွင် အသိအမြင်မြှင့်တင်ရေး အခမ်းအနားများကို စီစဉ်ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် မူဝါဒဆိုင်ရာ စုပေါင်းအကြံပြုချက်များကိုပေးခဲ့သည့်အပြင်၊ ခေါင်းပုံဖြတ်ခံရသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဥပဒေဆိုင်ရာအမှုကိစ္စများ ပံ့ပိုးကူညီပေးခြင်းနှင့်ပတ်သက်၍ ကျင့်သုံးမှုများနှင့် အတွေ့အကြုံများကို မျှဝေခဲ့ကြသည်။ ၂၀၁၉ ခုနှစ်မှစတင်၍ DIILM စီမံကိန်းသည် ရွှေ့ပြောင်းသွားလာနိုင်ချေရှိသူများ၊ နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ လိုအပ်ချက်များကို တိုက်ရိုက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံအနှံ့တွင် ရွှေ့ပြောင်းသွားလာသူများအထောက်အကူပြုစင်တာများကို ဖွင့်လှစ်နိုင်ရန် မိတ်ဖက် အဖွဲ့အစည်းများကို ပံ့ပိုးပေးခဲ့သည်။



*ပုံ ၄ – CSO နှင့် LO မိတ်ဖက်အဖွဲ့အစည်းများ အတွက် သင်တန်း*

## အမျိုးသားအဆင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဥပဒေများနှင့် မူဝါဒများကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။

DIILM စီမံကိန်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့်သင့်တင့်မျှတပြီး၊ ဘေးကင်းလုံခြုံ၍ ထိရောက်သော လုပ်သားစုဆောင်းမှုလုပ်ငန်းစဉ်များ သေချာစေရန်၊ လုပ်သားရွှေ့ပြောင်းခြင်းဆိုင်ရာ အမျိုးသားဥပဒေများ၊ မူဝါဒများ၊ ကျင့်သုံးဆောင်ရွက်မှုများကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ လုပ်သားရွှေ့ပြောင်းခြင်းဆိုင်ရာ သီးခြားဥပဒေနှင့် မူဝါဒများသည် နောက်ဆုံးရည်မှန်းချက်ပန်းတိုင် မဟုတ်ဘဲ အားပြုဆောင်ရွက်ရမည့်အရာများသာဖြစ်ပြီး၊ ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ နိုင်ငံ၏ ရေတိုနှင့် ရေရှည်ရည်မှန်းချက်ပန်းတိုင်များကို စနစ်တကျနှင့် ရှေ့နောက်ညီညွတ်ကိုက်ညီစွာ အကောင်အထည်ဖော်မှုများဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ပါသည်။

နိုင်ငံတကာ လုပ်သားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယအကြိမ် အမျိုးသား ငါးနှစ် စီမံချက်(NPA ၂၀၁၈-၂၀၂၂) ၏ ရည်မှန်းချက်အရ၊ မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက်မှာ – အရှေ့တောင်အာရှနှင့် အခြားတိုင်းပြည်များသို့ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပ၌ သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းဖြင့်၊ တိုးတက်များပြားလာသည့် အခွင့်အလမ်းများနှင့်အတူ ဂုဏ်သိက္ခာရှိစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရေး ပံ့ပိုးကူညီရန်ဖြစ်သည်။ ကာလလတ် ရည်မှန်းချက်အနေဖြင့် – ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်၊ ပြည်တွင်းလုပ်သားဈေးကွက်အပေါ် ဖိအားသက်ရောက်မှုကို သက်သာစေရန် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်ရေးအတွက် အကူအညီပေးရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) တွင် ပြည်တွင်းသို့ရွှေ့ပြောင်းသွားလာသူနှင့် ပြည်ပသို့ရွှေ့ပြောင်းသွားလာသူ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၏ ကျွမ်းကျင်မှုများနှင့် ငွေကြေးအရင်းအမြစ်များကို အားပြုဆောင်ရွက်ခြင်းပါဝင်သည်။ လက်တလော ကိုဗစ်ထိန်းချုပ်ကာကွယ်ကုသရေး အစီအစဉ်နှစ်ရပ်[2] သည် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးထားပြီး၊ ပြန်လည်ရွှေ့ပြောင်းသွားလာရန်အတွက် တရားဝင်လမ်းကြောင်းများမှ သွားလာရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်တစ်ရပ်လည်းပါဝင်သည်။

အမျိုးသားဥပဒေခိုင်မာအားကောင်းရေးအတွက် DIILM စီမံကိန်းသည် အောက်ပါတို့ကို အလေးထားဆောင်ရွက်နေပါသည်။

[2] CERP (Covid Economic Recovery Plan) MERRP (Myanmar Economic Reform and Recovery Plan)

© International Labour Organization 2020

## ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ (၁၉၉၉)

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေတွင် မြန်မာနိုင်ငံ၏ ပြည်ပရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစနစ်အတွက် ယေဘုယျ ဥပဒေဆိုင်ရာအခြေခံ အချက်များကိုပြဋ္ဌာန်းထားသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒ ဖော်ဆောင်ခြင်းနှင့် ပြည်ပ အလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် ရွှေ့ပြောင်းသွားလာမှု အခြေအနေသစ်များကို ချိန်ညှိဆောင်ရွက်ရန်နှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ မြန်မာနိုင်ငံ၏ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဥပဒေများကို ပိုမိုကိုက်ညီမှုရှိအောင် ပြုလုပ်ရန်လိုအပ်သည့်အပြင်၊ ပြည်ပတွင် မြန်မာ အလုပ်သမားများအား လုပ်သားစုဆောင်းမှုနှင့် အလုပ်နေရာချထားမှုအတွက် ကာကွယ်စောင့်ရှောက်ရေးယန္တရားများ ခိုင်မာအားကောင်း စေရန်အတွက် ဥပဒေလွှမ်းခြုံနိုင်မှုနှင့် ကျင့်သုံးမှုတွင် ကွာဟချက်များကို ပြန်လည်သုံးသပ်ခြင်း လိုအပ်ပါသည်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် နည်းဥပဒေ ရေးဆွဲချမှတ်ခြင်းသည် အလွန်အရေးကြီးပါသည်။ ထိုသို့ရေးဆွဲချမှတ်၊ အကောင်အထည်ဖော်ရာတွင် အစိုးရအရာရှိများ၏ တာဝန်၊ ဝတ္တရားများနှင့်ပတ်သက်၍ အပြည့်အဝ လုပ်ပိုင်ခွင့်အာဏာပေးခြင်း သေချာစေရ ပါမည်။ လက်ရှိတွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ အေဂျင်စီများအား လိုင်စင်ခွင့်ပြုပေးခြင်း၊ ၎င်းတို့၏ အခန်းကဏ္ဍ၊ တာဝန်များနှင့်ပတ်သက်၍ အခြေခံ စည်းမျည်း စည်းကမ်းများကိုသာ ထုတ်ပြန်ထားပါသည်။

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (LROE) ပြန်လည်သုံးသပ်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းတွင်၊ DIILM စီမံကိန်းသည် လက်ရှိ LROE နှင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင်ရှိသည့် ကွာဟချက်များကို ဖော်ထုတ်ရန်နှင့် အဆိုပါကွာဟချက်များအား ဖြေရှင်းရန် ပြင်ဆင်ချက်များ ကို အဆိုပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ MOEAF ၊ ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ လွှတ်တော်ကော်မတီ၊ အလုပ်သမားအဖွဲ့အစည်းများ၊ CSO အဖွဲ့များအပါအဝင် ပါဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင်၊ DIILM စီမံကိန်းသည် ဥပဒေအား အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ မွမ်းမံပြင်ဆင်နိုင်မည့် ဥပဒေ၏ ရှုထောင့်များကို ပြန်လည်သုံးသပ်ရန် ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၏ ညွှန်ကြားရေးမှူးနှင့် ILO အလုပ်သမားဥပဒေပညာရှင်တို့အကြား ဆွေးနွေးညှိနှိုင်းပွဲများကို စီစဉ်ပြုလုပ်ခဲ့ပြီး၊ ခွဲခြမ်းစိတ်ဖြာလေ့လာမှုတစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

MOLIP ၏ တောင်းဆိုမှုဖြင့်၊ ILO သည် ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် နည်းပညာဆိုင်ရာ အကြံပြုမှတ်ချက်များ ပေးခဲ့ပြီး၊ မူကြမ်းအား ပြန်လည်သုံးသပ်ပြင်ဆင်ရာတွင် MOLIP အား လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများပေးခဲ့ပါသည်။ ရေးဆွဲပြီး သည့် ဥပဒေမူကြမ်းကို ကနဦး ဖတ်ရှုပြီးဖြစ်သော်လည်း လွှတ်တော်ပိုင်းဆိုင်ရာလုပ်ငန်းစဉ်အတွင်း မရောက်ရှိသေးပါ။ ကိုဗစ်ကမ္ဘာ့ကပ်ရောဂါနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) အရ ရွှေ့ပြောင်းသွားလာမှုအတွက် တရားဝင်လမ်း ကြောင်းများ သေချာစေရန်အတွက် ဥပဒေမူကြမ်းနှင့်ပတ်သက်၍ တိုးတက်ဖြစ်ပေါ်လာရေးသည် ပို၍ အရေးကြီးလာသည်။

## မြန်မာနိုင်ငံ၏ နိုင်ငံတကာလုပ်သားများရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားစီမံချက် (NPA)

DIILM စီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမ ငါးနှစ်တာအမျိုးသားစီမံချက် NPA (၂၀၁၃-၂၀၁၇) အကောင်အထည်ဖော်ခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ ပြီး၊ ဒုတိယ ငါးနှစ်တာအမျိုးသားစီမံချက် NPA ရေးဆွဲသည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ILO အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ ILO ၏ နိုင်ငံစုံ သဘောတူ မူဘောင်နှင့်အညီ အဓိကကိစ္စရပ်များပါဝင်ရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ဥပမာ။ ။ ပုဂ္ဂလိကအလုပ်အကိုင်အေဂျင်စီများဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် (၁၈၁) နှင့် အိမ်အကူအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၁ (အမှတ် ၁၈၉) အတည်ပြုလက်မှတ်ရေးထိုးရေး၊ ကျင့်ဝတ် ကိုက်ညီသော လုပ်သားစုဆောင်းရေးအလေ့အကျင့်များ ပိုမိုဖြစ်ပေါ်စေရန် MOEAF ၏ လိုက်နာရမည့်ကျင့်ဝတ်နှင့် စောင့်ကြည့်လေ့လာရေး ယန္တရားကို အသိအမှတ်ပြုရေးနှင့်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြင်ဆင်ရန်နှင့် နည်းဥပဒေရေးဆွဲရန် အချိန်သတ်မှတ်ချက်ပြုရေး ပါဝင်ပြီး၊ ဤအချက်များသည် ၂၀၁၉ ခုနှစ်၊ မေလတွင် MOLIP က အတည်ပြုခဲ့သည့် ဒုတိယငါးနှစ်တာ NPA တွင်ပါဝင်ခဲ့ပါသည်။

## နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံစုံအဆင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်း။

DIILM စီမံကိန်းအနေဖြင့် အမျိုးသားအဆင့် ဥပဒေနှင့် မူဝါဒများအပေါ် အလေးထားဆောင်ရွက်သော်လည်း၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်ကို အမျိုးသားအဆင့်တစ်ခုတည်းသာ သို့မဟုတ် တစ်နိုင်ငံတည်းကသာ ချဉ်းကပ်ဆောင်ရွက်ခြင်း မပြုနိုင်သည့်အတွက် ဒေသတွင်းအဆင့် ILO ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်း နှစ်ခုဖြစ်သည့် Triangle in ASEAN နှင့် Safe and Fair စီမံကိန်းတို့ဖြင့်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ အောက်ပါ လုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံနှင့်၊ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်မြောက်ရေး ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

- MOLIP အား Triangle in ASEAN စီမံကိန်းနှင့်အတူ (၁၀)ကြိမ်၊ (၁၁)ကြိမ်၊ (၁၂) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ် များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပူးပေါင်းကျင်းပနိုင်ရန် ပံ့ပိုးကူညီ ပေးခြင်း၊

© International Labour Organization 2020

- ဒေသတွင်း မူဝါဒဆိုင်ရာ အစည်းအဝေးများတွင် တက်ရောက်ပါဝင်ရန် အစိုးရကိုယ်စားလှယ်များအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။ ဤစီစဉ်ဆောင်ရွက်ချက်များတွင် – ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံဘုံသဘောတူညီချက်ကို နောက်ဆုံး အချောသတ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာ၌ကျင်းပသော အာဆီယံအလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာချုပ်စာတမ်းမူကြမ်းရေးဆွဲရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ပေးခြင်း။ လုပ်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်ဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ပေါ်လာရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံကွန်ရက်ချိတ်ဆက်ဆောင်ရွက်ရေး နှစ်ရက်တာ အစည်းအဝေးသို့ မြန်မာအလုပ်သမားသံအရာရှိ ၄ ဦး တက်ရောက်ပါဝင်ရန် စီစဉ်ပေးခြင်း။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်တန်း၊ ရွှေ့ပြောင်းအလုပ်သမားများအား လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ပေးခြင်း၊ ဒုက္ခသည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ နှစ်နိုင်ငံအဆင့် အလုပ်သမားဆိုင်ရာ သဘောတူစာချုပ်များ စေ့စပ်ညှိနှိုင်းချုပ်ဆိုခြင်းနှင့်ပတ်သက်၍ အီတလီနိုင်ငံ၊ တူရင်းမြို့ရှိ အိုင်အယ်လ်အို သင်တန်းကျောင်း (ITC–ILO) တွင် သင်တန်းများတက်ရောက်နိုင်ရန် DOL အရာရှိ ၃ ဦးကို ပံ့ပိုးကူညီပေးခဲ့ခြင်း။
- ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် (CLMTV) အလုပ်သမားဝန်ကြီးများ၏ မူကြမ်း ကြေငြာစာတမ်းနှင့်အညီ လူမှုဖူလုံရေး လွှဲပြောင်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ DOLနှင့် လူမှုဖူလုံရေးအဖွဲ့(SSB)တို့၏အကြိုညှိနှိုင်းအစည်းအဝေးဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း။

## မူဝါဒဆိုင်ရာ စာရွက်စာတမ်းများရေးသားပြုစုထုတ်ဝေခြင်း

အထောက်အထားအခြေပြုမူဝါဒဆိုင်ရာအကြံပြုချက်များနှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒနှင့်ဥပဒေများရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွင် အကြံပြုချက်များပေးနိုင်ရန်၊ DIILM စီမံကိန်းသည် ပါဝင်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးလျက် မူဝါဒရေးဆွဲချမှတ်သူများနှင့် စည်းရုံးလှုံ့ဆော်နိုင်စွမ်းရှိသူများအတွက် အောက်ဖော်ပြပါ မူဝါဒအကျဉ်းချုပ်စာတမ်းများနှင့် သက်ဆိုင်ရာစာတမ်းများကို ပြုစုထုတ်ဝေခဲ့ပါသည်။

- မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားများအတွက် မူရင်းနိုင်ငံဆိုင်ရာ တိုင်ကြားမှုယန္တရား (English and Myanmar)
- မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒဆက်စပ်ကိုက်ညီမှုကို တည်ဆောက်ခြင်း (English and Myanmar)
- မူဝါဒဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် – မြန်မာနိုင်ငံ၏ ပြည်ပလုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု (English and Myanmar)
- မူဝါဒဆက်စပ်ကိုက်ညီရေး – လုပ်သားရွှေ့ပြောင်းသွားလာခြင်း၊ ကျားမတန်းတူညီမျှရှိရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊
- ကိုဗစ်နိုင်တင်းကာလအတွင်း အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ အတွေ့အကြုံများ – (English and Myanmar)
- ကိုဗစ်နိုင်တင်းကာလအတွင်း မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမားများအပေါ်သက်ရောက်မှုနှင့် နိုင်ငံ၏ဖြေရှင်းဆောင်ရွက်မှုများ (English)

### ဆက်လက်ထွက်ရှိမည့် စာတမ်းများ

- ကိုဗစ်နိုင်တင်းကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်အကိုင်အတွက် စုဆောင်းခြင်း – အကြံပြုတိုက်တွန်းချက်အနှစ်ချုပ် (မူကြမ်း)၊
- မူဝါဒဆက်စပ်ကိုက်ညီရေး – လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး မူဝါဒများ (မူကြမ်း)၊
- လူမှုကာကွယ်စောင့်ရှောက်ရေး အကျဉ်းချုပ်စာတမ်း (မူကြမ်း)၊
- ရွှေ့ပြောင်းအလုပ်သမား သက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ မူဝါဒ အကျဉ်းချုပ်စာတမ်း၊
- မူဝါဒဆက်စပ်ကိုက်ညီရေး – ရွှေ့ပြောင်းသွားလာခြင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဆိုင်ရာ မူဝါဒ၊
- မြန်မာရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းခံစားခွင့်တိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒ အကျဉ်းချုပ်စာတမ်း၊

© International Labour Organization 2020

## အနာဂတ်ကာလ ဆောင်ရွက်မည့်လုပ်ငန်းများ

- ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံအဆင့် ပါဝင်သက်ဆိုင်သူပေါင်းစုံ ဆွေးနွေးညှိနှိုင်းပွဲ၊
- လူမှုဖူလုံရေး လွှဲပြောင်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ DOL ၊ SSB နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းခြင်း၊
- လူမှုဖူလုံရေး သဘောတူညီချက်များ၊ သက်သာချောင်ချိရေးရန်ပုံငွေများအပေါ် သီးသန့်အလေးထား၍ ဖိလစ်ပိုင်နိုင်ငံ ဆောင်ရွက်ချက်များအကြောင်း နည်းပညာဆက်သွယ်ရေးအသုံးပြု၍ လေ့လာခြင်း၊
- NPA နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးများတွင် ပါဝင်ခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း။

**ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး(DIILM) (၂၀၁၆–၂၀၂၁) စီမံကိန်း**အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင် ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူများသည် ရွှေ့ပြောင်းသွားလာခြင်းကို မိမိတို့ဘဝလုံခြုံရေးအတွက် အားထားရာအဖြစ်ရော၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသက်ရှင်ရပ်တည်ရေး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံများသည် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အကျိုးကျေးဇူးများ ပိုမိုရရှိစေပြီး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ DIILM စီမံကိန်းနှင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများသည် (၁) အဓိကကျသော ဥပဒေနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၂) ပုံစံတကျမဟုတ်သော ကဏ္ဍရှိ အလုပ်သမားများအပါအဝင် ရွှေ့ပြောင်းသွားလာသူအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် မြှင့်တင်ဆောင်ရွက်ပေးရန်၊ (၃) ရွှေ့ပြောင်းသွားလာသူများကိုပေးသော ဝန်ဆောင်မှုများ ပိုမိုလွှမ်းခြုံမိစေရန်နှင့် အရည် အသွေးပြည့်ဝစေရန်တိုးမြှင့်ဆောင်ရွက်ရန်၊ (၄) မူဝါဒဆက်စပ်ကိုက်ညီမှု ခိုင်မာအားကောင်း စေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**DIILM စီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေပံ့ပိုးပေးပါသည်။**

သတင်းအချက်အလက်ပိုမိုသိရှိလိုပါက–

Jacqueline Pollock
နည်းပညာအကြံပေးအရာရှိ (Migration)
အီးမေးလ် – pollock@ilo.org

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာနိုင်ငံ

+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉

+၉၅ ၉ ၄၂၁၁၂၆၈၆၉
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

https://www.ilo.org/yangon/areas/labour-migration/lang--en/index.htm

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

© International Labour Organization 2020